# နွေဦးအသံ

**the voice of spring**

13.5.2021 · Thursday · No . 38 · Daily News Pamphlet

မြင်းခြံ တလုပ်မြို့ရွာကို စစ်အုပ်စုက အင်အား(၂၀၀)ခန့်နှင့်အတူ ပခုံးထမ်းလောင်ချာများ၊ လက်နက်ကြီးများအသုံးပြု၍ တိုက်ခိုက်ခဲ့ရာ (၂)နှစ်အရွယ်ကလေးအပါအဝင် (၂၀၀)နီးပါး အဖမ်းဆီးခံရပြီး ဒေသခံများထွက်ပြေးနေရ

သတင်းတို — ရင်းမြစ် – **RFA** မှ

ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ ပဋ္ဌမအကြိမ်မြောက်အစိုးရအဖွဲ့ အစည်းအဝေးကို ပြုလုပ်ခဲ့ရာ ဒုတိယသမ္မတ ဒူဝါလရှီးလာ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းနှင့်တကွ ပြည်ထောင်စုဝန်ကြီးများစုံလင်စွာ တက်ရောက်ဆွေးနွေးခဲ့ကြဟုသိရ

သတင်းတို — ရင်းမြစ် – **NUG** မှ

စစ်အုပ်စုသြဇာခံ ကြည်း၊ ရေ၊ လေ တပ်များ အပါအဝင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တချိန်တွင် ရာဇဝတ်မှုနှင့် အပြစ်ပေး အရေးယူခံရကာ ကျူးလွန်သူများအဖြစ် သမိုင်းတွင်ခံရမည့်အခြေအနေမှ ရုန်းထွက်ပြီး အမှန်တရားအတွက်ကူးပြောင်းလက်တွဲလာကြရန်ဖိတ်ခေါ်ဟု **NUG** လူ့ခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့

သတင်းတို — ရင်းမြစ် – **NUG** မှ

## ပစ်ခတ်ဖြိုခွဲဖမ်းဆီးမှုများကိုမမှုဘဲ သပိတ်စစ်ကြောင်းများ နေ့စဉ်မပြတ် ဆက်လက်ပြုလုပ်ခဲ့ကြ

ကယား၊ သပိတ်ဖြိုခွဲဖမ်းဆီးခံရသူများတွင် (၁၂)နှစ်သမီးငယ်ပါဝင်

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

ဂါလံ(၄၀၀၀)ကျော်ဆန့်သည့် စစ်အုပ်စု ဆီသယ်ယာဉ်တန်းကို **KIA** မှ ကြားဖြတ်တိုက်ခိုက်ခဲ့

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ကျန်ငွေနည်းနေသဖြင့် ငွေကြေးပြဿနာ ကြီးမားလျက်ရှိ

သတင်းတို — ရင်းမြစ် – **RFA** မှ



မေလ(၁၂)ရက်၊ မန္တလေးမြို့တွင် ပြုလုပ်ခဲ့ကြသည့် တပ်ပေါင်းစုသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ - **CJ** )

မန္တလေးတပ်ပေါင်းစုအာရဏ်ဦးသပိတ်ကို ပစ်ခတ်ဖြိုခွဲခဲ့သဖြင့် ဆရာမများအပါအဝင် (၃၀)ခန့်အဖမ်းခံခဲ့ရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

တမူးမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားရာ စစ်အုပ်စုဘက်မှ (၁၅)ဦးသေဆုံးခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

တောင်ကိုရီးယားသမ္မတနိုင်ငံ၊ ဒီမိုကရက်တစ်အမတ်များနှင့် **NUG** အစိုးရအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြဟုသိရ

သတင်းတို — ရင်းမြစ် – **NUG** မှ

စစ်အုပ်စုမိသားစုဝင်များ၏ ပြည်ဝင်ခွင့် အချက်အလက်များကို ဩစတြေးလျအစိုးရ စတင်စစ်ဆေး

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
13.5.2021 · Thursday · No . 38 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၂)ရက်၊ ၂၀၂၁



- မြန်မာပြည်သူများမှာ ကမ္ဘာပေါ်တွင် အကာအကွယ်အကင်းမဲ့ဆုံးနှင့် အဆိုးရွားဆုံး လူမှု အကျပ်အတည်းနှင့် ကြုံတွေ့နေရကြောင်း ကုလအတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် စတီဖင် ဒူဂျာရစ်က ပြောကြား။
- မြန်မာစစ်တပ် ကျူးလွန်နေသည့် ကြောက်မက်ဖွယ်ရာ အကြမ်းဖက်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်တင်ရှုတ်ချကြောင်း ဂျာမာန်လူ့အခွင့်အရေးကော်မရှင်နာ Kofler က ပြောကြား။
- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ စစ်ကျွန်ရဲစခန်းနှင့် ကြံ့ခိုင်ရေးပါတီရုံးတို့အား မေ(၁၁)ရက်၊ ည(၇)နာရီခွဲကျော်ခန့်က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက်ပစ်ခတ်ခြင်း၊ လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲအချို့နှင့် ပါတီရုံးစောင့်တဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- နံနက်(၅)နာရီခန့်က ကနီမြို့နယ်၊ ဇီးပင်တွင်း ရွာသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ ပြည်သူ(၃၀)ခန့်အား အကြမ်းဖက်စစ်အုပ်စုက ရိုက်နက်ဖမ်းဆီးသွားခဲ့ပြီး ညနေ(၄)နာရီခွဲခန့်ကလည်း ကနီမြို့နယ် ရွှေစာရေးတောင်နားတွင် ချင်းတွင်းမြစ်မှ တဆင့် စစ်အုပ်စုက ရေယာဉ်များဖြင့် တက်လာကာ ပစ်ခတ်လျက်ရှိဟုသိရ။
- ပဲခူးမြို့အဝင် ပဲခူးမြို့ရှောင်လမ်းဆုံတွင် ရန်ကုန်ဘက်မှ လာသော စစ်ကားတစီးက ဆိုင်ကယ်တစီးကို မေလ(၁၁)ရက်၊ ည(၇)နာရီဝန်းကျင်တွင် ဝင်တိုက်ခဲ့သော်လည်း မရပ်ပေးဘဲ ဆက်လက်မောင်းနှင်သွားခဲ့ပြီး ဆိုင်ကယ်စီးလာသူ အရပ်သား(၂)ဦးစလုံး သေဆုံးခဲ့ရ။
- မန္တလေး၊ ၁၁၈ လမ်း (၇၁ နှင့် ၇၂) လမ်းကြားတွင် တပ်ပေါင်းစုသပိတ်စစ်ကြောင်း စတင်ရန် လူစုနေစဉ် စစ်အုပ်စု အရပ်ဝတ်လက်နက်ကိုင်များက အိမ်စီးကားများဖြင့် လာရောက်ဖြိုခွဲခဲ့ရာ (၃၀) ဦး ဖမ်းဆီးခံရပြီး ဆန္ဒပြသူများ၏ ဆိုင်ကယ်အစီး(၆၀) ကျော်ကိုလည်း လုယက်သွားခဲ့ဟုသိရ။
- မြင်းခြံမြို့ရှိ အမှတ် (၁၉) ရပ်ကွက်ရုံး၊ ဘောလုံးကွင်း၊ ပန်းခြံနှင့် အမှတ် (၆) အလင်းကျောင်းတို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့။
- ပြည်မြို့ရှိ ပြည်တက္ကသိုလ်ရှေ့တွင် နေ့လယ်(၁၂)နာရီခွဲခန့်က ဗုံးပေါက်ကွဲခဲ့။
- စစ်ကိုင်းမြို့၊ ရောဝတီတံတား (ရတနာပုံ) အဆင်းမြို့အဝင်စစ်ဆေးရေးဂိတ်အနီးတွင် နံနက် ၁ နာရီခွဲခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- ရန်ကုန်- မြောက်ဥက္ကလာပ။ တောင်သာမြို့နယ်တွင်းရှိ ဇဂျမ်း၊ ကျောင်းအိုနှင့် ကန်မြဲရွာ။ နွားထိုးကြီးမြို့။ မကွေးမြို့နယ်၊ ယင်းသာစည်အုပ်စု၊ ကျောက်ပစ်ကုန်းရွာ။ ရောဝတီ၊ ကျိုက်လတ်မြို့။ ကချင်-ဝိုင်းမော်မြို့တို့၌ စစ်ကျွန်ပညာရေးအလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြပြီး ဘုတလင်မြို့နယ်၊ အင်းတောနှင့် ညောင်ကုန်းကျေးရွာ။ တောင်ငူ။ မကွေး-မြိုင်မြို့နယ်။ ရေဖြူမြို့နယ်၊ နတ်တွင်းကျေးရွာအုပ်စု။ မော်လမြိုင်မြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ မြေနီကုန်း၊ စမ်းချောင်း၊ သာကေတ၊ ဒေါပုံ၊ မြောက်ဥက္ကလာပ မြို့နယ်ပေါင်းစုံ တပ်ပေါင်းစုသပိတ်။ လှိုင်သာယာ။ အင်းစိန်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ တကာသ၊ ကျန်းမာရေး၊ မန်းရတနာပုံ တကာသ၊ အရှေ့မြို့သစ်၊ စိန်ပန်း၊ မဟာ အောင်မြေ စစ်ကြောင်း။ စဥ့်ကိုင်၊ ပုလိပ်မြို့။ ညောင်ဦး။ မိုးကုတ်။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ စစ်ကိုင်း။ ဘုတလင်။ ရေဦး။ ယင်းမာပင်။ ဆားလင်းကြီး၊ ဖောင်းကားကျေးရွာ။ လက်ပံတောင်း ကျေးရွာများ။ ဒီပဲယင်း။ ကသာ။ မုံရွာ။ ထီးချိုင့်၊ မြတောင်ရွာ။ တန့်ဆည်။ ရေဦး။ သရက်ချောင်း-ပိန်းတောရွာ။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ ရေဖြူ၊ ကံပေါက်။ လောင်းလုံမြို့နယ်။ ချင်း၊ ဟားခါး။ မြစ်ကြီးနား။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ နမ္မတီး။ ရောဝတီ-ဖျာပုံ၊ ကယား၊ ဒီးမော့ဆို့။ ရှမ်း- နောင်ချိုတောင်ကြီး၊ မူဆယ်၊ ဟိုပုံး၊ နမ့်ဆန်၊ နမ့်ခမ်း။ နေပြည်တော် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၁)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၈၃ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၉၃၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၅၈၁ ဦး

ရင်းမြစ်-အေအေပီပီမှ




မေလ(၁၂)ရက်၊ မကွေး၊ မြိုင်မြို့နယ်၌ ပြုလုပ်ခဲ့သည့် ကျေးရွာပေါင်းစုံ ပညာရေးသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ-CJ)

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“ဝန်ထမ်းတွေ နိုင်ငံရေးမလုပ်စေချင်ရင် စစ်တပ်လည်း အာဏာမသိမ်းနဲ့”